ပုံစံ(၁၁)

## ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

### ခုံအဖွဲ့

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(ဖ၄/၂၀၁၇)

| | |
|---|---|
| ဒေါ်လော်ကွီလိမ် (ခ) ဘောဘီ (အလုပ်ရှင်)<br>Can Full Industries Co.,Ltd(သွပ်ပြားစက်ရုံ)<br>အမှတ်(၆၈)၊ မင်္ဂလာရာမင်းသားကြီးလမ်း၊<br>ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးကျော်စိုး(ပါ ) အလုပ်သမား(၅)ဦး<br>နိုင်ရွှေဝါလမ်း၊(၅)ထိပ်၊အောင်ဓမ္မာရုံနောက်ဘက်၊<br>လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်

### ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မင်္ဂလာရာမင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ အမှတ် (၆၈) ရှိ Can Full Industries Co.,Ltd(သွပ်ပြားစက်ရုံ) အလုပ်ရှင် ဒေါ်လော်ကွီလိမ် (ခ) ဘောဘီနှင့် ဦးကျော်စိုး(ပါ ) အလုပ်သမား(၅)ဦးတို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (ရဖ/၂၀၁၇)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ၊ ၇ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးကျော်စိုး(ပါ ) အလုပ်သမား(၅)ဦးမှ တောင်းဆိုခြင်းခံရသူ ဒေါ်လော်ကွီလိမ်(ခ)ဘောဘီ(အလုပ်ရှင်)ထံတွင် အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ထုတ်နစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ ဒေါ်လော်ကွီလိမ် (ခ) သောဘီ (အလုပ်ရှင်) မှ အောက်ပါကောက်ချက်အမှတ်(၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

ကောက်ချက်အမှတ်(၁)။ အလုပ်မှရပ်စဲခံရသဖြင့် ဥပဒေနှင့်အညီ နစ်နာကြေး ပေးသင့်/မသင့်။

ဆုံးဖြတ်ချက်အမှတ်(၁)။ ဦးကျော်စိုးပါ (၅)ဦးအား နို့တစ်မပေးဘဲ အလုပ်မှရပ်စဲခဲ့သဖြင့် အောက်ပါအတိုင်း နို့တစ်ကြေးနှင့် လုပ်သက်အလိုက် နစ်နာကြေးပေးရန် ဆုံးဖြတ်သည်။

| စဉ် | အမည် | နို့တစ်ကြေး | နစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ဦးကျော်စိုး | ၂၁၅၀၀၀ိ/- | ၃၂၂၅၀၀ိ/- | ၅၃၇၅၀၀ိ/- |
| ၂။ | ဦးထက်ဝေ | ၁၆၀၀၀၀ိ/- | ၁၆၀၀၀၀ိ/- | ၃၂၀၀၀၀ိ/- |
| ၃။ | ဦးအောင်ဌေးမင်း | ၁၁၈၀၀၀ိ/- | | ၁၁၈၀၀၀ိ/- |
| ၄။ | ဦးချစ်လင်းသူ | ၁၂၀၀၀၀ိ/- | | ၁၂၀၀၀၀ိ/- |
| ၅။ | ဦးရှိုးထက်သာ | ၁၀၈၀၀၀ိ/- | | ၁၀၈၀၀၀ိ/- |

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၉၆/၂၀၁၇)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် ဒေါ်လော်ကွီလိမ်(ခ)သောဘီ(အလုပ်ရှင်)မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားခဲ့ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၆၄/၂၀၁၇) အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးအောင်သန်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးလှထွန်းခိုင်၊ အလုပ်သမားကိုယ်စားလှယ် ဦးမောင်မောင်အေးတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့၏မှတ်တမ်းများ၊ တင်ပြလာသောစာရွက်စာတမ်းများ၊ အထောက်အထားသက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

ကောက်ချက်အမှတ်(၁)။ အလုပ်မှရပ်စဲခံရသဖြင့် ဥပဒေနှင့်အညီ နစ်နာကြေး ပေးသင့်/မသင့်။

<u>တွေ့ရှိချက်</u>

၆။ ဦးကျော်စိုး(ပါ ) (၅)ဦးက (၉-၈-၂၀၁၇) ရက်စွဲဖြင့် လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားစာတွင် အကြောင်းမဲ့သက်သက် အကြောင်းပြချက်မခိုင်လုံဘဲ အလုပ်မှထုတ်ပယ်ခဲ့၍ အလုပ်ထုတ်လျှင်လည်း ရပိုင်ခွင့်ဥပဒေအတိုင်းနစ်နာကြေးနှင့် နို့တစ်ကြေး ပေးဆောင်စေရေးညှိနှိုင်းပေးရန် အချက်များပါရှိပါသည်။

၇။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်းရာတွင် အလုပ်သမားများက အပြစ်မရှိဘဲ အလုပ်ထုတ်လိုက်သဖြင့် ဥပဒေအတိုင်းခံစားခွင့်ရှိသော ငွေကြေးအား ခံစားလိုကြောင်း၊ (၁၅-၈-၂၀၁၇) ရက်နေ့တွင် တင်ပြခဲ့ပါသည်။ အလုပ်ပြန်လိုချင်ကြောင်း (၁၇-၈-၂၀၁၇) ရက်နေ့တွင် တင်ပြခဲ့ပါသည်။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းရာတွင် မပြေလည်၍ ခုံသမာဓိအဖွဲ့၏ အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ကြောင်း အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်စလုံးမှတင်ပြခဲ့ပါသည်။

၈။ အလုပ်သမားများက ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့တင်ပြသည့် တောင်းဆိုလွှာတွင် အလုပ်သမားတစ်ဦးချင်းအလိုက်အတွက် အချက်အလက်များဖော်ပြခဲ့ပါသည်။ (၁) ဦးကျော်စိုးအတွက် တင်ပြချက်များမှာ (က) နေမကောင်း၍ (၁-၈-၂၀၁၇) ရက်နေ့ အပြင်ဆေးခန်း၌ ပြနေရမှုကို အလုပ်ရှင်ထံခွင့်တိုင်ခဲ့ကြောင်း၊ (ခ) (၄-၈-၂၀၁၇) ရက်နေ့တွင် အလုပ်ဆင်းရန်သွားရာ (၇-၈-၂၀၁၇) ရက်နေ့တွင် အလုပ်ဆင်းရန် အလုပ်ရှင်ကပြောခဲ့ကြောင်း၊ (ဂ) (၅-၈-၂၀၁၇) ရက်နေ့ လစာသွားရောက်ထုတ်ယူရာတွင် Mr. Lui ဆိုသူက နှုတ်ဖြင့်အလုပ်ထုတ်ခဲ့ကြောင်း၊ (ဃ) ကားဗိုးတက်ပျောက်၍ဆိုပြီး လစာမပေးခဲ့ကြောင်း၊ (င) လစာကိစ္စကို အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးရုံးသို့ တိုင်ကြားခဲ့ပြီး၊(၁၅-၈-၂၀၁၇)ရက်နေ့၌လစာထုတ်ယူခဲ့ကြောင်းစသောအချက်များဖြစ်ပါသည်။ (၂) ဦးနှိုးထက်သာအတွက် တင်ပြချက်များမှာ (က) ထုတ်လုပ်ရေးဌာန အလုပ်သမားဖြစ်ကြောင်း၊ အလုပ်ပါးသောအချိန်များတွင် ဌာနခေါင်းဆောင်မှ ထုတ်လုပ်ရေးနှင့်မပတ်သက်သော စက်ရုံခြံအတွင်း မြက်ရှင်းခိုင်းသဖြင့် မလုပ်နိုင်ဟုပြောသော်လည်းမရကြောင်း၊ အတင်းအကြပ်ခိုင်းစေခဲ့ကြောင်း၊ (ခ) ထိုကိစ္စနှင့်ပတ်သက်၍ ဌာနခေါင်းဆောင်ကိုမချေမငံပြောသည်ဟုဆိုကာ (၅-၈-၂၀၁၇)ရက်နေ့၌ အလုပ်မှထုတ်ပယ်ခဲ့ကြောင်း၊ (ဂ) (၁၆-၅-၂၀၁၇) ရက်နေ့မှစ၍ အလုပ်ဝင်ခဲ့ကြောင်း စသောအချက်များဖြစ်ပါသည်။ (၃) ဦးအောင်ဒွေးမင်းအတွက် တင်ပြချက်များမှာ (က) (၉-၆-၂၀၁၇) ရက်နေ့မှစ၍ Marketing တွင် အလုပ်ဝင်ခဲ့ကြောင်း၊ (ခ) အဝယ်အော်ဒါတကျ၍ဆိုပြီး အကြောင်းကြားခြင်းမရှိဘဲ အလုပ်ထုတ်ခဲ့ကြောင်း စသောအချက်များဖြစ်ပါသည်။ (၄) ဦးချစ်လင်းသူအတွက်တင်ပြချက်များမှာ (က) (၅-၆-၂၀၁၇) ရက်နေ့မှစ၍ ယာဉ်မောင်းအဖြစ်အလုပ်ဝင်ခဲ့ကြောင်း၊ (ခ) (၂၀-၇-၂၀၁၇) ရက်နေ့

12/10 2017 1:29 PM FAX

တွင် Meeting လုပ်မည်ဖြစ်၍ ဖုန်းလိုက်သိမ်းရာ မိမိဖုန်းပျက်သဖြင့် ဆိုင်သို့ပေးထားကြောင်း ပြောသော်လည်းလက်မခံဘဲ ထိုနေ့တွင်အလုပ်ထွက်စာရေးခိုင်းကြောင်း၊ (ဂ) အမှားမရှိသဖြင့် လက်မှတ်မထိုးခဲ့ကြောင်း၊ (ဃ) (၅-၈-၂၀၁၇) ရက်နေ့၊ လစာထုတ်မပေးကြောင်း၊ အိမ်လခပေးရန် အရေးကြီးငွေလိုနေ၍ သူငယ်ချင်း ထက်ဝေ အသင့်ရေးပြီးစာရွက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ မိမိဆန္ဒမပါဘဲအကြပ်ကိုင်သဖြင့် လက်မှတ်ရေးထိုးခဲ့ကြောင်း စသောအချက်များပါရှိပါသည်။ (၅) တောင်းဆိုလွှာတွင် ဦးထက်ဝေ၏ လက်မှတ်မပါရှိသကဲ့သို့ ယင်းနှင့်ပတ်သက်သောအချက်အလက်များလည်းမပါရှိပါ။

၉။ အလုပ်သမားများ၏ တောင်းဆိုလွှာပါအချက်များနှင့်စပ်လျဉ်း၍ အလုပ်ရှင်က ချေပလွှာတွင် တစ်ဦးချင်းအလိုက်ချေပချက်များဖော်ပြခဲ့ပါသည်။ (၁) ဦးကျော်စိုးအတွက်တင်ပြချက်မှာ (က) (၄) ရက်မြောက်နေ့ ညနေပိုင်း အလုပ်သမားက ဖုန်းဆက်ပြီးနေမကောင်း၍ နောက်ထပ်တစ်ရက်နားချင်ကြောင်း ပြောသဖြင့် ဆေးစာနှင့်ခွင့်စာရုံးလာတင်ရန် ပြန်ပြောခဲ့ကြောင်း၊ (ခ) (၅-၈-၂၀၁၇) ရက်နေ့ လစာထုတ်ရန် ရုံးသို့လာခဲ့သော်လည်း အလုပ်ရှင်ရုံးသို့ရောက်ချိန်တွင် သူ့ကိုဖြေရှင်းရန်မတွေ့ပါကြောင်း၊ စနေနေ့ဖြစ်၍ ရုံးနေ့တစ်ဝက်သာဖြစ်သော်လည်း (၁း၃၀)နာရီအထိ စောင့်ပေးခဲ့ပြီး၊ အလုပ်သမားအနေဖြင့် လူလည်းမလာ၊ ဖုန်းလည်းမဆက်ကြောင်း၊ (ဂ) ဆေးစာနှင့်ခွင့်စာလည်း မတင်ခဲ့ကြောင်း၊ ထို့ကြောင့် အလုပ်မှနုတ်ထွက်သည်ဟုယူဆပါကြောင်း၊ နုတ်ထွက်စာကိုတင်ပြထားပါကြောင်း စသောအချက်များပါရှိပါသည်။ (၂) ဦးရှိုးထက်သာအတွက်တင်ပြချက်မှာ အလုပ်မရှိသည့်နေ့တွင် အလုပ်သမားခေါင်းဆောင်နှင့်တကွ အလုပ်သမားအားလုံး ရုံးပတ်ဝန်းကျင်ရှိ မြက်ခင်းနှင့်ချုံများရှင်းလင်းခိုင်းသည်ကို ယင်းတစ်ဦးတည်းကမလုပ်ချင်ဟု ငြင်းဆိုခဲ့ကြောင်း ဖြစ်ပါသည်။ (၃) ဦးအောင်ဋ္ဌေးမင်းအတွက် တင်ပြချက်မှာ (က) အလုပ်ဝင်ပြီး(၂)လအထိ တစ်ပြားတစ်ချပ်မှ မရောင်းရကြောင်း၊ (ခ) (၉-၆-၂၀၁၇) ရက်နေ့မှ (၅-၈-၂၀၁၇) ရက်နေ့အထိ အလုပ်ဆင်းပြီး နောက်ပိုင်းမလာခဲ့ကြောင်း စသောအချက်များဖြစ်ပါသည်။ (၄) ဦးချစ်လင်းသူအတွက် တင်ပြချက်မှာ (၃)လအစမ်းခန့်မပြည့်မီ ကိုယ်တိုင်အလုပ်မှနုတ်ထွက်စာလျှောက်ပြီးသူဖြစ်ကြောင်း ဖြစ်ပါသည်။ (၅) အလုပ်သမားများ၏ တောင်းဆိုလွှာတွင်မပါခဲ့သော ဦးထက်ဝေအတွက် အလုပ်ရှင်ဘက်မှတစ်စုံတစ်ရာချေပချက်တင်ပြထားခြင်းမရှိပါ။

၁၀။ ခုံသမာဓိအဖွဲ့မှ အမှုစစ်ရာတွင် အလုပ်သမားတစ်ဦးချင်း ထွက်ဆိုချက်ရှိပါသည်။ (၁) ဦးကျော်စိုး နှင့်သက်ဆိုင်သည့် ထွက်ဆိုချက်မှာ (က) (၁-၈-၂၀၁၇) ရက်နေ့တွင် နေမကောင်း၍ ဆေးခန်းပြမည်ဟု စာရေး ဒေါ်အေးဖြူဖြူခင်ကို ပြောပြခဲ့ရာ ယင်းကလက်ခံခဲ့ကြောင်း၊ (ခ) (၂-၈-၂၀၁၇) ရက်နေ့တွင် အလုပ်ရှင် ဒေါ်ဘောဘီအား ပြောပြရာ လက်ခံခဲ့ကြောင်း၊ (ဂ) (၃-၈-၂၀၁၇) ရက်နေ့တွင် အလုပ်ရှင် ဒေါ်ဘောဘီထံဖုန်းတစ်ခါဆက်ခဲ့ကြောင်း၊ (ဃ) (၄-၈-၂၀၁၇) ရက်နေ့တွင်

12/10 2017 1:28 PM FAX

စက်ရုံသို့သွားပြီး၊ (၅-၈-၂၀၁၇) ရက်နေ့တွင် အလုပ်ဆင်းမည်ဟုပြောရာ အလုပ်ရှင် ဒေါ်ဘောဘီက (၇-၈-၂၀၁၇) ရက်နေ့တွင် လာဆင်းရန်ပြောခဲ့ကြောင်း၊ (င) လစာထုတ်လို့ရမလားဟုမေးရာ ထုတ်ဟုပြောသဖြင့် အခန်းထဲဝင်သွားရာ Mr. Lui က အလုပ်ထုတ်လိုက်ပြီဟုပြောကြောင်း၊ (စ) ယာဉ်မောင်း (၃)ဦးကို လက်မှတ်အတင်းထိုးနိုင်းရာ မထိုးရင်ပိုက်ဆံမပေးဘူးဟုပြောသဖြင့် အိမ်လခအတွက်လိုအပ်နေ၍ မဖြစ်မနေလက်မှတ်ရေးထိုးပေးခဲ့ကြောင်း၊ (ဆ) ကားပွိုင့်တက်ပျောက်တယ်ဆိုပြီး လစာထုတ်မပေးခဲ့ကြောင်း၊ (ဇ) (၅-၈-၂၀၁၇) ရက်နေ့တွင် ခွင့်စာတင်ရန် အခြေအနေမပေးခဲ့ကြောင်းတို့ဖြစ်ပါသည်။ (၂) ဦးရှိုးထက်သာနှင့် သက်ဆိုင်သည့်ထွက်ဆိုချက်မှာ (က) အလုပ်ပါးချိန်တွင် စက်ရုံမှ မြက်ချုံတွေကိုရှင်းရန် ခေါင်းဆောင်ကခိုင်းရာ ထုတ်လုပ်မှုအပိုင်းကဖြစ်၍ မြက်မရှင်းချင်ဘူးဟုပြောခဲ့ကြောင်း၊ ခေါင်းဆောင်၏ခိုင်းစေမှုကြောင့် မြက်ကိုရှင်းပေးခဲ့ရကြောင်း၊ (ခ) ခေါင်းဆောင်၏စကားကို နားမထောင်ဟုဆိုကာ (၅-၈-၂၀၁၇) ရက်နေ့တွင် အလုပ်ထုတ်ခဲ့ကြောင်းတို့ဖြစ်ပါသည်။ (၃) ဦးအောင်ရွှေမင်းနှင့် သက်ဆိုင်သည့် ထွက်ဆိုချက်မှာ (က) (၂)လအတွင်း ရောင်းအားမရှိခဲ့ကြောင်း၊ (ခ) တစ်ပတ် Meeting (၃)ကြိမ် လုပ်ကြောင်း၊ရောင်းအားရဖို့အတွက် ကြိုးစားပါဟု Meeting ၌ ပြောခဲ့ကြောင်း၊ (ဂ) ရောင်းအား မတက်ဟူသော အကြောင်းပြချက်ဖြင့် (၃) လမပြည့်မီ (၅-၈-၂၀၁၇) ရက်နေ့၌ အလုပ်ထုတ်ခဲ့ကြောင်း၊ (ဃ) သတိပေးစာ၊ နို့တစ်စာ တစ်ကြိမ်မျှမရှိခဲ့ကြောင်းတို့ဖြစ်ပါသည်။ (၄) ဦးချစ်လင်းသူနှင့် သက်ဆိုင်သည့်ထွက်ဆိုချက်မှာ (က) (၂၀-၇-၂၀၁၇) ရက်နေ့၊ ဖုန်းသိမ်းရန်ကိစ္စအတွက် ဖုန်းမပါဘူးဟုပြောခဲ့ကြောင်း၊ (ခ) (၅-၈-၂၀၁၇) ရက်နေ့ လစာထုတ်ရာတွင် လက်မှတ်ထိုးမှလစာပေးမည်ပြော၍ လက်မှတ်ထိုးပေးခဲ့ကြောင်း၊ (ဂ) အစမ်းခန့် (၃) လအတွင်း ကြိုက်နှစ်သက်မှုမရှိ၍ အလုပ်မှနုတ်ထွက်သည်ဟုရေးထားခဲ့ကြောင်းတို့ဖြစ်ပါသည်။ (၅) ဦးထက်ဝေနှင့်သက်ဆိုင်သည့်ထွက်ဆိုချက်မှာ (က) (၁-၈-၂၀၁၇) ရက်နေ့တွင် မိခင်ကျန်းမာရေးမကောင်း၍ ဟသာ်တသို့ပြန်သွားကြောင်း၊ ရုံးပိတ်ချိန်ဖြစ်၍ ဖုန်းဆက်၍မရခဲ့ကြောင်း၊ ဒေါ်သဇင်နွယ်ဆိုသူအား ခွင့်တိုင်ခိုင်းခဲ့ကြောင်း၊ (ခ) (၂-၈-၂၀၁၇) ရက်နေ့၊ (၃-၈-၂၀၁၇) ရက်နေ့နှင့် (၄-၈-၂၀၁၇) ရက်နေ့များ ပျက်ကွက်ခဲ့ကြောင်း၊ (ဂ) (၅-၈-၂၀၁၇) ရက်နေ့၌ လစာထုတ်ရာ အဆောင်ခပေးရန်လိုအပ်၍ လက်မှတ်ထိုးပြီး လစာထုတ်ခဲ့ကြောင်း၊ ထိုစာတွင် ခွင့်မဲ့ (၃) ရက်ပျက်ကွက်သည့်အတွက် အလုပ်မှနုတ်ထွက်မည်ဟုရေးခဲ့ကြောင်းတို့ဖြစ်ပါသည်။

၁၁။ ခုံသမာဓိအဖွဲ့မှ အမှုစစ်ရာတွင် အလုပ်ရှင်ဘက်မှ အလုပ်သမားတစ်ဦးချင်းနှင့် ပတ်သက်၍ ထွက်ဆိုခဲ့ပါသည်။ (၁) ဦးကျော်စိုးနှင့်သက်ဆိုင်သည့် ထွက်ဆိုချက်မှာ (က) (၄-၈-၂၀၁၇) ရက်နေ့၊ ညနေ (၃:၃၀)နာရီခန့်တွင် ဖုန်းဆက်၍ နေမကောင်းသေးသဖြင့် ခွင့်ထပ်လိုချင်သည်ဟုပြောရာ ဆေးစာနှင့်ခွင့်စာတင်ရန် အလုပ်ရှင်ကပြောကြားခဲ့ကြောင်း၊ (ခ) (၅-၈-၂၀၁၇) ရက်နေ့တွင် အလုပ်ဆင်းမည်ဟု အလုပ်သမားကပြောရာ (၇-၈-၂၀၁၇) ရက်နေ့တွင် ဆင်းဟုပြောကြားခဲ့ကြောင်း၊ (ဂ)

(၅-၈-၂၀၁၇) ရက်နေ့၌ လစာလာထုတ်ရာ မိမိစက်ရုံသို့ လာနေချိန်ဖြစ်ပြီး၊ မိမိစက်ရုံရောက်ချိန်တွင် ဦးကျော်စိုးမရှိတော့ကြောင်း၊ (ဃ) နေ့လည် (၁း၃၀)နာရီထိ စက်ရုံသို့ ဦးကျော်စိုးမလာတော့ကြောင်း၊ ဆေးစာနှင့် ခွင့်စာကိုမတင်ခဲ့ကြောင်း စသောအချက်များဖြစ်ပါသည်။ (၂) ဦးရှိုးထက်သာနှင့်သက်ဆိုင်သည့် ထွက်ဆိုချက်မှာ (က) ၎င်း၏ခေါင်းဆောင်နိုင်းစေမှုကို မလုပ်ကြောင်း၊ (ခ) မကြိုက်သောကြောင့် အစမ်းခန့်ကာလအတွင်းမှာ အလုပ်ထုတ်ကြောင်းစသောအချက်များဖြစ်ပါသည်။(၃) ဦးအောင်ဌေးမင်းနှင့်သက်ဆိုင်သည့်ထွက်ဆိုချက်မှာ (က) အလုပ်ကြိုးစား၍လုပ်ကိုင်ရန်ပြောကြားခဲ့ကြောင်း၊ (ခ) လုပ်သက်(၂)လအတွင်း ရောင်းအားမရှိ၍ အလုပ်ထုတ်ခဲ့ကြောင်း စသောအချက်များဖြစ်ပါသည်။ (၄) ဦးချစ်လင်းသူနှင့်သက်ဆိုင်သည့်ထွက်ဆိုချက်မှာ (က) မောင်းနိုင်းသည့်လမ်း မမောင်းကြောင်း၊ လမ်းမကျွမ်းကြောင်း၊ (ခ) အလုပ်သမားက အလုပ်ထွက်စာတင်ထားပါကြောင်း၊ အခမ္ဗလက်မှတ်ရေးထိုးမှုမရှိကြောင်း စသောအချက်များဖြစ်ပါသည်။ (၅) ဦးထက်ဝေနှင့်သက်ဆိုင်သည့် ထွက်ဆိုချက်မှာ (က) ဖြန့်စားကြီးခရီးသွားသည်ဟု စာရေးများက မိမိကိုမပြောကြောင်း၊ (ခ) (၄-၈-၂၀၁၇)ရက်နေ့တွင် ပြန်ရောက်သော်လည်း ဖုန်းမဆက်ပါကြောင်း၊ မိမိနှင့်ရင်းနှီးပါကြောင်း စသောအချက်များဖြစ်ပါသည်။

၁၂။ ခုံသမာဓိအဖွဲ့၏ တောင်းဆိုလွှာ၊ ချေပလွှာတင်ပြရန်စာတွင် ဦးကျော်စိုး(ပါ ) အလုပ်သမား (၅)ဦးဟု ဖော်ပြခဲ့ပါသည်။ ချေပလွှာတင်ပြရာတွင် ဦးထက်ဝေ လက်မှတ်ရေးထိုးပါဝင်မှုမရှိခဲ့ပါ။ အမှုစစ်ရန် ခုံသမာဓိအဖွဲ့၏ ချိန်းစာတွင် ဦးကျော်စိုးပါ(၄)ဦးဟု ဖော်ပြချိန်းဆိုခဲ့ပါသည်။ အမှုစစ်ရာ၌ တောင်းဆိုလွှာတွင်မပါဝင်သည့် ဦးထက်ဝေတက်ရောက်စစ်ဆေးခံခဲ့ပါသည်။ ခုံသမာဓိအဖွဲ့က ဦးထက်ဝေကိုပါစစ်ဆေးခဲ့ပြီး ဆုံးဖြတ်ချက်ချရာတွင် ဦးကျော်စိုးပါ(၅)ဦးဟူ၍ ဖော်ပြချမှတ်ခဲ့ပါသည်။ ဦးထက်ဝေအား ထည့်သွင်းဆုံးဖြတ်ခြင်းအတွက် ခုံသမာဓိအဖွဲ့အနေဖြင့် တစ်စုံတစ်ရာ ရေးသားရှင်းလင်းချက်ပေးမှုမရှိခဲ့ပါ။

၁၃။ ခုံသမာဓိအဖွဲ့က အမှုနှင့်စပ်လျဉ်းသုံးသပ်သောအချက်များမှာ (က) အလုပ်သမားများအား သတိပေးခြင်းမပြုသော်လည်း လိုအပ်ချက်များရှိပါက Meeting တွင် ပြောဆိုလေ့ရှိကြောင်း၊ (ခ) တိုင်ကြားသူ (၅)ဦးအနက် ဦးကျော်စိုး (လုပ်သက် ၂နှစ်ကျော်)၊ ဦးထက်ဝေ (လုပ်သက် ၁ နှစ်ကျော်) ရှိပြီး၊ ကျန် (၃)ဦးမှာ လုပ်သက် (၂)လအောက်ဖြစ်ပြီး၊ အစမ်းခန့်ကာလအတွင်း ကျေနပ်မှုမရှိသဖြင့် ရပ်စဲခြင်းဖြစ်ကြောင်း၊ (ဂ) ထို (၃)ဦးအား နိုင်လုံသောအကြောင်းပြချက်ဖြင့် (၁)လကြိုတင်၍ နို့တစ်ပေးအကြောင်းကြားသင့်ကြောင်း၊ (ဃ) ဦးထက်ဝေနှင့် ဦးချစ်လင်းသူတို့မှာ (၅-၈-၂၀၁၇) ရက်နေ့၊ လစာထုတ်ပေးရာတွင် နှုတ်ထွက်လက်မှတ်ရေးထိုးမှ လစာထုတ်ပေးမည် ပြောသည့်အတွက် အဆောင်ခပေးနိုင်ရန်အတွက် အလုပ်နှုတ်ထွက်စာတွင် လက်မှတ်ရေးထိုးပြီး လစာထုတ်ပေးခြင်းဖြစ်ကြောင်း၊ (င) ဦးကျော်စိုးသည် နေမကောင်း၍ ခွင့်တိုင်ကြားခဲ့သဖြင့်


12/10 2017 1:29 PM FAX

ကုမ္ပဏီမှ နှုတ်မိန့်ဖြင့်ခွင့်ပြုခဲ့သော်လည်း အလုပ်လာဆင်းရန်ပြောပြီးမှ လစာထုတ်ပေးရက်တွင် ခွင့်မဲ့သတ်မှတ်ပြီး အလုပ်မှထုတ်ပယ်ခံခြင်းကြောင့် နစ်နာကြေးပေးသင့်ကြောင်း၊ (စ) ဦးထက်ဝေသည် မိခင်နေမကောင်း၍ ရုံးစာရေးအားခွင့်တိုင်ပေးရန်ဆက်သွယ်ပြီး ပြန်လည်ရောက်ရှိ၍လစာထုတ်ပေးရက်တွင် ကုမ္ပဏီမှလက်မခံဘဲ ရပ်စဲခဲ့မှုအတွက် နစ်နာကြေးရသင့်ကြောင်း၊ (ဆ) ဦးအောင်ဌေးမင်း၊ ဦးချစ်လင်းသူနှင့် ဦးရှိုးထက်သာတို့ (၃)ဦးအား အစမ်းခန့်ကာလအတွင်း အလုပ်ရှင်မှကျေနပ်မှုမရှိသဖြင့် ရပ်စဲလိုမှုအတွက် (၁)လကြိုတင်အကြောင်းကြားရန် တာဝန်ရှိသော်လည်း နို့တစ်မပေးဘဲအလုပ်ရပ်စဲခဲ့သဖြင့် နို့တစ်ကြေး(၁)လစာစီရသင့်ကြောင်း စသောအချက်များဖြစ်ပါသည်။

<u>ခုံအဖွဲ့တွင်ဆောင်ရွက်ချက်</u>

၁၄။ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၉၆/၂၀၁၇) ကို ကျေနပ်မှုမရှိသဖြင့် (၁၄-၉-၂၀၁၇) ရက်စွဲဖြင့် အလုပ်ရှင်ဘက်မှ လျှောက်ထားရာတွင် အလုပ်သမားတစ်ဦးချင်းနှင့် သက်ဆိုင်သည်များကို ဖော်ပြခဲ့ပါသည်။ (၁) ဦးကျော်စိုးနှင့်သက်ဆိုင်သည့်အချက်များမှာ (က) (၁-၈-၂၀၁၇) ရက်နေ့မှ (၄-၈-၂၀၁၇) ရက်နေ့အထိ အလုပ်မလာရောက်ကြောင်း၊ (ခ) (၅-၈-၂၀၁၇) ရက်နေ့ လစာလာထုတ်ရာတွင် ဝိုးတက်တောင်းခံမှုအတွက် အလုပ်သမားက အလုပ်ရှင် ဒေါ်သော်ဘီထံ ဖုန်းဆက်ရာ လမ်းထိပ်သို့ရောက်နေ၍ စောင့်ဆိုင်းရန်၊ ခွင့်စာနှင့်ဆေးလက်မှတ်ယူလာရန်နှင့် ဖြေရှင်းပေးမည်ဟုပြန်ပြောခဲ့ကြောင်း၊ (ဂ) မိမိစက်ရုံရောက်ချိန်တွင် ဦးကျော်စိုးမရှိသဖြင့် (၁:၃၀) နာရီအထိ စောင့်ခဲ့ကြောင်း၊ ခွင့်စာနှင့်ဆေးစာကို တင်ပြမှုမရှိခဲ့ကြောင်း စသောအချက်များဖြစ်ပါသည်။ (၂) ဦးရှိုးထက်သာနှင့်သက်ဆိုင်သည့်အချက်များမှာ အလုပ်မရှိသောနေ့တွင် ခေါင်းဆောင်နှင့် အခြားအလုပ်သမားများအား ရုံးဝန်းအတွင်း မြက်ရှင်းနိုင်သည်ကို ငြင်းဆိုခဲ့ကြောင်းဖြစ်ပါသည်။ (၃) ဦးအောင်ဌေးမင်းနှင့် သက်ဆိုင်သည့်အချက်များမှာ (က) (၂)လအတွင်း တံခါးရွက်တစ်ချပ်မှမရောင်းရကြောင်း၊ (ခ) (၅-၈-၂၀၁၇) ရက်နေ့မှ နောက်တစ်လအတွင်း တစ်ချပ်မှမရောင်းရပါ က အလုပ်မှရပ်စဲမည်ဟုနှုတ်ဖြင့်သတိပေးခဲ့ကြောင်း၊ တစ်ပတ်(၃)ခါ Meeting တွင် အလုပ်သမား၏လိုအပ်ချက်ကို ပြောဆိုလေ့ရှိကြောင်း၊ (ဂ) (၅-၈-၂၀၁၇) ရက်နေ့နောက်ပိုင်း အလုပ်သို့မလာတော့ကြောင်း စသောအချက်များဖြစ်ပါသည်။ (၄) ဦးချစ်လင်းသူနှင့်သက်ဆိုင်သည့်အချက်များမှာ (က) (၂၀-၇-၂၀၁၇) ရက်နေ့၊ ဖုန်းကိစ္စနှင့်ပတ်သက်ပြီး အငြင်းပွားရာမှ အလုပ်မလာတော့ကြောင်း၊ (ခ) (၅-၈-၂၀၁၇) ရက်နေ့၊ လစာထုတ်ရက်တွင်မှလာကြောင်း၊ (ဂ) (၁၅)ရက်အတွင်း ခွင့်တိုင်ကြားခြင်းမရှိကြောင်း၊ (ဃ) (၅-၈-၂၀၁၇) ရက်စွဲဖြင့် အလုပ်လုပ်နေစဉ် (၃)လအတွင်း ကြိုက်နှစ်သက်မှုမရှိသဖြင့် အလုပ်နှုတ်ထွက်သည်ဟုဖော်ပြထားသည့် အလုပ်နှုတ်ထွက်စာ တင်ထားမှုရှိကြောင်း စသောအချက်များဖြစ်ပါသည်။ (၅) ဦးထက်ဝေနှင့်သက်ဆိုင်

သည့်အချက်အလက်များမှာ (က) မိခင်မှုးလဲသည့်သတင်းကြား၍ နယ်သို့ပြန်သွားပြီး (၄-၈-၂၀၁၇) ရက်နေ့ညနေ ပြန်ရောက်ပြီးနောက် ရုံးသို့ဖုန်းဆက်ရာ ရုံးပိတ်သွားသည်ဟု ဦးထက်ဝေက ပြောကြောင်း၊ ရုံးသို့ဖုန်းဆက်၍မရလျှင် အလုပ်ရှင် ဒေါ်ဘောဘီထံ ဖုန်းဆက်၍ရသည်ဟုပြောရာ ဖုန်းလိုင်းမကောင်းဟု အလုပ်သမားကပြန်ပြောကြောင်း၊ (ခ) (၅-၈-၂၀၁၇) ရက်နေ့၊ လစာ လာထုတ်ရာ ခွင့်စာယူမလာကြောင်း၊ (ဂ) (၅-၈-၂၀၁၇) ရက်စွဲဖြင့် အလုပ်နှုတ်ထွက်စာတင်ပြခဲ့ကြောင်း၊ ထိုနှုတ်ထွက်စာတွင် ခွင့်မဲ့ (၃)ရက် ပျက်ကွက်သဖြင့် အလုပ်မှနှုတ်ထွက်ပါသည်ဟု ဖော်ပြထားကြောင်း စသောအချက်များဖြစ်ပါသည်။

၁၅။ ခုံအဖွဲ့မှစစ်ဆေးရာတွင် အလုပ်ရှင်မှအလုပ်သမားတစ်ဦးချင်းနှင့်စပ်လျဉ်းသည့် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဦးကျော်စိုးသည် (၁-၈-၂၀၁၇) ရက်နေ့မှ (၄-၈-၂၀၁၇) ရက်နေ့အထိ ခွင့်ပျက်ကြောင်း၊ (၃-၈-၂၀၁၇) ရက်နေ့တွင် ယင်းက ခွင့်လိုချင်ကြောင်း ဖုန်းဆက်ရာတွင် ဆေးစာနှင့်ခွင့်စာ လာရောက်ပေးရန်နှင့် နေမကောင်းလျှင် ခွင့်ဆက်ယူရန် ပြောခဲ့ကြောင်း၊ (၅-၈-၂၀၁၇) ရက်နေ့ လစာထုတ်ရာတွင် ကားပိုးတက်တောင်းရာ မပေးသဖြင့် လစာထုတ်မပေးဟု ဦးကျော်စိုးက ဖုန်းဆက်သည့်အတွက် မိမိလာရောက်နေသည့် ရုံးတွင်စောင့်ဆိုင်းရန်ပြောသော်လည်း မိမိရောက်ချိန်တွင် ဦးကျော်စိုးရှိမနေကြောင်း၊ ခွင့်တိုင်ကြားခြင်းမရှိဘဲ ခွင့်မဲ့ပျက်ကွက်ခြင်းဖြစ်ကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။ ယခင်က ခွင့်ယူရာတွင် စာဖြင့်တိုင်ကြားရသည့် အစဉ်အလာရှိကြောင်း၊ ဦးကျော်စိုး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ခွင့်တောင်းစာမိတ္တူကို တင်ပြရာ မူရင်းနှင့်တိုက်ဆိုင်အတည်ပြုခဲ့ပါသည်။

(ခ) ဦးထက်ဝေ ခွင့်တိုင်ခဲ့သည်ဆိုသော သဖင်နွယ်အနေဖြင့် မိမိအားတင်ပြခဲ့ခြင်းမရှိကြောင်း ထွက်ဆိုပါသည်။

(ဂ) ဦးအောင်ဒွေးမင်းနှင့်စပ်လျဉ်း၍ အစည်းအဝေးခွဲအများရှေ့တွင် နောက်တစ်လအတွင်း ပစ္စည်းရောင်းရရန်လုပ်ပါဟု နှုတ်ဖြင့်အသိပေးခဲ့ကြောင်း၊ အစည်းအဝေးမှတ်တမ်းမရှိကြောင်း တင်ပြပါသည်။ အစည်းအဝေးနှင့်ပတ်သက်၍ အလုပ်ရှင်မှရေးသားထားသည့်မှတ်စုများရှိပါက တင်ပြရန်ပြောကြားရာ တင်ပြမှုမပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

12/10 2017 1:30 PM FAX

(ဃ) ဦးချစ်လင်းသူနှင့်ပတ်သက်၍ အစည်းအဝေးတွင် သူ့ထံမှဖုန်းသိမ်းသည်ကို မကျေနပ်၍ ဖုန်းသိမ်းရန် တာဝန်ရှိဝန်ထမ်းနှင့်စကားများပြီး ထိုနေ့မှစ၍ အလုပ်သို့မလာတော့ကြောင်း ထွက်ဆိုပါသည်။

(င) ဦးရှိုးထက်သာ မြက်ခုတ်နိုင်းသည်ကို မချေမငံပြန်ပြော၍ အစမ်းခန့်ကာလ၌ အလုပ်ဖြုတ်ခြင်းဖြစ်ကြောင်း ထွက်ဆိုပါသည်။

၁၆။ ခုံအဖွဲ့မှ အမှုစစ်ရာတွင် အလုပ်သမားတစ်ဦးချင်းထွက်ဆိုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပိုးတက်မပေး၍ လစာမပေးဟုပြောကြောင်း၊ ပိုးတက်ကိစ္စကို မိမိအနေဖြင့် ထိုအချိန်က ရှင်းလင်းခဲ့ခြင်းမရှိကြောင်း၊ လစာထုတ်မပေးသည့်ကိစ္စ အလုပ်ရှင်ထံဖုန်းဆက်ပြီး ပြန်သွားခဲ့ကြောင်း၊ ပိုးတက်ကိစ္စရှင်းရန်လာနေတယ်ဟုပြောကြားခဲ့ကြောင်း၊ အလုပ်ရှင် စောင့်မစောင့်ကို မသိကြောင်း၊ ရုံးမှဆေးခွင့်ကိစ္စတင်ပြရန် မတောင်းခံသကဲ့သို့ မိမိကလည်းတင်ပြချိန်မရခဲ့ကြောင်း၊ (၁-၈-၂၀၁၇) ရက်နေ့မှစ၍ ဖျားနာခဲ့ပြီး၊ (၂-၈-၂၀၁၇) ရက်နေ့တွင် ဆေးခန်းပြသခဲ့ကာ (၃-၈-၂၀၁၇) ရက်နေ့နှင့် (၄-၈-၂၀၁၇) ရက်နေ့များတွင် အိမ်၌ဆေးသောက်ပြီးနားနေခဲ့ကြောင်း၊ အလုပ်ရှင်တင်ပြသော ၂၀၁၆ ခုနှစ်၊ ဖွန်လ ခွင့်မှတ်တမ်းမိတ္တူကိုပြသ၍ မေးမြန်းရာ မှတ်တမ်းပါလက်မှတ်မှာ ယင်း၏လက်မှတ်မှန်ကန်ပါကြောင်း ဦးကျော်စိုးက ထွက်ဆိုပါသည်။

(ခ) ဦးရှိုးထက်သာအတွက် ကိုယ်စားလှယ်ဖြစ်သူ ဦးကျော်စိုးက ထွက်ဆိုခဲ့ပါသည်။ မြက်ချုံပုတ်များကို ဦးရှိုးထက်သာရှင်းပေးခဲ့ကြောင်း၊ (၅-၈-၂၀၁၇) ရက်နေ့အထိ လစာထုတ်သွားခဲ့ကြောင်း ထွက်ဆိုပါသည်။

(ဂ) ဦးအောင်ဌေးမင်းက ပစ္စည်းမည်မျှရောင်းရမည်ဟုသတ်မှတ်ချက်မရှိကြောင်း၊ အစည်းအဝေးတွင် ကြိုးစားရောင်းချရန်ပြောကြားချက်ရှိပါကြောင်း၊ ကြိုးစားပါမည်ဟုဖြေကြားခဲ့ကြောင်း၊ ရောင်းအားမတက်လျှင် အလုပ်ထုတ်ခံရမည်ဟု ကြိုတင်ပြောကြားမှုမရှိခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လဝက်ခန့်မှ ဩဂုတ်လ လဆန်းပိုင်းအထိ Meeting မလုပ်ခဲ့ကြောင်း ထွက်ဆိုပါသည်။

(ဃ) ဦးချစ်လင်းသူက (၂၀-၇-၂၀၁၇) ရက်နေ့မှစ၍ အလုပ်ထုတ်လိုက်ပြီဟုပြောကြားခဲ့ကြောင်း၊ (၂၀-၇-၂၀၁၇) ရက်နေ့နှင့် (၄-၈-၂၀၁၇) ရက်နေ့ ကြားတွင် အလုပ်ရှင်အား တစ်စုံတစ်ရာပြောကြားခဲ့မှုမရှိကြောင်း၊ (၇-၈-၂၀၁၇) ရက်နေ့ရောက်မှ တိုင်

12/10 2017 1:31 PM FAX

ကြားခြင်းမှာ အလုပ်ထုတ်သည်ကိုမကျေနပ်၍ဖြစ်ကြောင်း၊ လစာငွေရရှိရန် အလုပ်ထွက်သည်ဟုလက်မှတ်ရေးထိုးခဲ့ကြောင်း ထွက်ဆိုပါသည်။

(င) ဦးထက်ဝေက (၂-၈-၂၀၁၇) ရက်နေ့မှ (၄-၈-၂၀၁၇) ရက်နေ့အထိ ခွင့်တိုင်သည့်ကိစ္စကို မည်သူ့ကိုမှထပ်မံအသိပေးပြောကြားခြင်းမရှိကြောင်း၊ (၅-၈-၂၀၁၇) ရက်နေ့လစာထုတ်ရာတွင် ထွက်စာ၌ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ငွေလို၍လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုပါသည်။

<u>သုံးသပ်ချက်</u>

၁၇။ Can Full Industries Co.,Ltd (သွပ်ပြားစက်ရုံ)သည် လွန်ခဲ့သော (၁၀)နှစ်ကျော်မှစ၍ လုပ်ကိုင်ခဲ့ရာ အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်မှုအတွက် အထောက်အထားစာရွက်စာတမ်းပြည့်စုံစွာ တင်ပြနိုင်မှုမရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်သမားရေးရာများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို လိုက်နာရာတွင် အစမ်းခန့်အလုပ်သမားနှင့် လစာရအလုပ်သမားများကို တစ်ပြေးညီဆောင်ရွက်ခြင်းမပြုသည်ကိုလည်း တွေ့ရှိရပါသည်။

၁၈။ အလုပ်သမား ဦးကျော်စိုးနှင့်စပ်လျဉ်း၍ နှုတ်ဖြင့်ခွင့်တောင်းသည်ကို နှုတ်ဖြင့်ခွင့်ပြုခဲ့ပြီးဖြစ်သော်လည်း အလုပ်သမားက ဆေးစာနှင့်ခွင့်စာမတင်ပြခဲ့ပါဟူသော အချက်ဖြင့် (၁-၈-၂၀၁၇) ရက်နေ့မှ (၄-၈-၂၀၁၇) ရက်နေ့အထိ ခွင့်မဲ့ပျက်ကွက်သည်ဟုသတ်မှတ်၍ အလုပ်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရ၍ စိတ်ဆန္ဒစွဲဖြင့်ဆောင်ရွက်ရာရောက်သည်ဟု သုံးသပ်နိုင်ပါသည်။ အလုပ်သမားအနေဖြင့် (၂-၈-၂၀၁၇) ရက်နေ့တွင် ဆေးကုသကြောင်း မှတ်တမ်းတင်ပြချက်ရှိသဖြင့်လည်းကောင်း၊ အလုပ်ရှင်က နှုတ်ဖြင့်ခွင့်ကိုလက်ခံခဲ့ပြီးဖြစ်၍လည်းကောင်း၊ ထိုရက်များအတွက်ခွင့်မဲ့ပျက်ကွက်သည်ဟုသတ်မှတ်ရန်အစား အခြားနည်းလမ်းဖြင့် အလုပ်သမားအတွက် စဉ်းစားဆောင်ရွက်ရန်သင့်သည်ဟု သုံးသပ်ပါသည်။

၁၉။ ဦးရှိုးထက်သာ ရုံးမြက်ခင်းတစ်ကြိမ်ရှင်းခိုင်းသည်ကို မချေမငံပြန်ပြောမှုဖြင့် အလုပ်ထုတ်ခြင်းမှာ ပြင်းထန်လွန်းပါသည်။ ယခင်ကအကြိမ်ကြိမ်ကျူးလွန်ခြင်းမျိုးမရှိဘဲ ဤကဲ့သို့ ဆောင်ရွက်ခြင်းမပြုသင့်ဟု သုံးသပ်ပါသည်။

၂၀။ ဦးအောင်ဒွေးမင်းနှင့်စပ်လျဉ်း၍ (၂)လအတွင်း အရောင်းမရှိခဲ့၍ကျန်သည့်အစမ်းခန့် (၁)လအတွင်း အရောင်းရစေရန်လုပ်ရေးနှင့် အရောင်းမရပါက အလုပ်မှထုတ်မည်ကိုပြောကြားခဲ့သည်ဟု အလုပ်ရှင်၏ထွက်ဆိုချက်အရဆိုလျှင် ထိုပြောကြားချက်ကို (၈-၈-၂၀၁၇) ရက်နေ့ခန့်တွင် ပြောခြင်းဖြစ်နိုင်ပါသည်။ အလုပ်ထုတ်ခံရသည့်ရက်မှာ (၅-၈-၂၀၁၇) ရက်နေ့ဖြစ်ရာ အစမ်းခန့်ကာလ

12/10 2017 1:31 PM FAX

(၁)လကျန်ရှိချိန်တွင်ပင် အလုပ်ထုတ်ခြင်းဖြစ်၍ အရောင်းရစေရန် အလုပ်သမား အလုပ်လုပ်ရက် မရခဲ့ဟု သုံးသပ်ရပါသည်။

၂၁။ ဦးချစ်လင်းသူနှင့်စပ်လျဉ်း၍ (၂၀-၇-၂၀၁၇) ရက်နေ့ အလုပ်ထုတ်ခံရသည့်မှ (၄-၈-၂၀၁၇) ရက်နေ့အထိ အလုပ်ရှင်ထံတစ်စုံတစ်ရာ တင်ပြမှုမရှိသကဲ့သို့ အခြားတစ်နေရာရာသို့တိုင်ကြားခြင်းလည်းမပြုခဲ့ကြောင်း တွေ့ရပါသည်။ လစာထုတ်ယူရာတွင် လက်မှတ်ထိုးမှလစာထုတ်ပေးမည်ဟုပြော၍ လက်မှတ်ရေးထိုးခဲ့ကြောင်းတင်ပြခဲ့သော်လည်း အစမ်းခန့် (၃) လအတွင်း ကြိုက်နှစ်သက်မှုမရှိ၍ အလုပ်မှနုတ်ထွက်သည်ဟုတင်ပြချက်ရှိသဖြင့် ထွက်ဆိုချက်တစ်ခုနှင့်တစ်ခု ညီညွတ်မှုမရှိဟု သုံးသပ်ပါသည်။

၂၂။ ဦးထက်ဝေနှင့်စပ်လျဉ်း၍ (၁-၈-၂၀၁၇) ရက်နေ့တွင် ခွင့်တိုင်ခဲ့သည်ဟုတင်ပြခဲ့သော်လည်း (၂-၈-၂၀၁၇) ရက်နေ့၊ (၃-၈-၂၀၁၇) ရက်နေ့နှင့် (၄-၈-၂၀၁၇) ရက်နေ့များအတွက် ခွင့်တိုင်ခဲ့ကြောင်း တင်ပြနိုင်ခြင်းမရှိပါ။ ထို့ပြင် အဆောင်ကြေးပေးရန်အခက်အခဲရှိ၍ ငွေလိုသဖြင့် လက်မှတ်ရေးထိုးခဲ့ကြောင်းတင်ပြခဲ့ပြီး၊ အခြားတစ်ဖက်တွင် ခွင့်မဲ့(၃)ရက်ပျက်ကွက်သည့်အတွက် အလုပ်မှနုတ်ထွက်သည်ဟုတင်ပြချက်ရှိသဖြင့် ထွက်ဆိုချက်တစ်ခုနှစ်တစ်ခုညီညွတ်မှုမရှိဟု သုံးသပ်ပါသည်။

၂၃။ ခြုံငုံ၍သုံးသပ်တွေ့ရှိချက်များမှာ ဦးကျော်စိုး၏ နုတ်ဖြင့်ခွင့်တိုင်ကြားမှုကို အလုပ်ရှင်က သိရှိပြီးဖြစ်သဖြင့် ထိုပြစ်မှုအတွက် အလုပ်မှရပ်စဲမည်ကို နို့တစ်စာပေးသင့်ကြောင်း၊ ဦးရိုးထက်သာနှင့် ဦးအောင်ဋ္ဌေးမင်းတို့အား အလုပ်ထုတ်သင့်သည့်အချိန် မရောက်သေးမီ အလုပ်ထုတ်ခဲ့ကြောင်းနှင့် ဦးချစ်လင်းသူနှင့် ဦးထက်ဝေတို့မှာ မိမိတို့ကိုယ်တိုင် အလုပ်ထွက်စာများတင်ပြခဲ့ကြသူများဖြစ်ကြောင်း စသည့်အချက်များဖြစ်ပါသည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ (က) နို့တစ်ကြေးအဖြစ် ဦးကျော်စိုးအား ၂၁၅၀၀၀ိ/-(ကျပ်နှစ်သိန်းတစ်သောင်းငါးထောင်တိတိ)၊ ဦးရိုးထက်သာ အား ၁၀၈၀၀၀ိ/-(ကျပ်တစ်သိန်းရှစ်ထောင်တိတိ) နှင့် ဦးအောင်ဋ္ဌေးမင်းအား ၁၁၈၀၀၀ိ/-(ကျပ်တစ်သိန်းတစ်သောင်းရှစ်ထောင်တိတိ)တို့ကို အလုပ်ရှင်မှပေးရန် ဆုံးဖြတ်သည်။

(ခ) အလုပ်နုတ်ထွက်စာတင်ထားသူ (၂)ဦးဖြစ်သည့် ဦးချစ်လင်းသူအား နို့တစ်ကြေးပေးရန်မလိုကြောင်းနှင့် ဦးထက်ဝေအား နို့တစ်ကြေးနှင့် အလုပ်ထုတ်နစ်နာကြေးပေးရန် မလိုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၂၄။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ ငွေပေးရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၉ အရ မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

ဦးလှထွန်းခိုင်
အဖွဲ့ဝင်

ဦးအောင်သန်း
ဥက္ကဋ္ဌ

ဦးမောင်မောင်အေး
အဖွဲ့ဝင်